# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

**နိုင်ငံခြားငွေလွှဲပြောင်းရာတွင် စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တစ်ဦးချင်းပုဂ္ဂိုလ်များက နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်အကောက်များ အပြေအကြေပေးဆောင်ခြင်း၊ အခွန်စာရင်းရှင်းလင်းခြင်းတို့ ဆောင်ရွက်ပြီး/ မပြီး စိစစ်ရမည့်လုပ်ငန်းစဉ် (Standard Operating Procedure - SOP)**

အတည်ပြုသည့်ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မေလ ၁ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## နိုင်ငံခြားငွေလွှဲပြောင်းရာတွင် စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တစ်ဦးချင်းပုဂ္ဂိုလ်များက နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်အကောက်များအပြေအကြေ ပေးဆောင်ခြင်း၊ အခွန်စာရင်းရှင်းလင်းခြင်းတို့ ဆောင်ရွက်ပြီး/ မပြီး စိစစ်ရမည့်လုပ်ငန်းစဉ် (Standard Operating Procedure - SOP)

**နိဒါန်း**

၁။ နိုင်ငံတော်အတွက် တည်ဆဲ အခွန်အကောက်ဥပဒေများနှင့်အညီ ကောက်ခံရရှိမည့် အခွန်အကောက်များ အပြည့်အဝရရှိစေရန် ဆောင်ရွက်သည့် နည်းလမ်းတစ်ရပ်အဖြစ် စီးပွားရေးလုပ်ငန်းရှင်၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ တစ်ဦးချင်းပုဂ္ဂိုလ်များအနေဖြင့် ပြည်ပသို့ နိုင်ငံခြားငွေများလွှဲပြောင်းပေးပို့ရာတွင် နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်အကောက်များ အပြေအကြေ ပေးဆောင်ထားပြီးခြင်း ရှိ မရှိ၊ အခွန်စာရင်းရှင်းလင်းမှုတို့ ဆောင်ရွက်ထားခြင်း ရှိ မရှိ တို့ကို စိစစ်ဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ယင်းသို့စိစစ်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းစဉ်များကို တစ်ပြေးညီ လိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်သော လုပ်ထုံးလုပ်နည်းကို ရေးဆွဲထုတ်ပြန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တစ်ဦးချင်းပုဂ္ဂိုလ်များအနေဖြင့် ပြည်ပသို့ နိုင်ငံခြားငွေများလွှဲပြောင်းပေးပို့ရာတွင် အခွန်ကင်းရှင်းကြောင်း အထောက်အထားများ တင်ပြနိုင်မှသာ လွှဲပြောင်းခွင့်ပြုရန်။

**စတင်အကျိုးသက်ရောက်သည့်နေ့စွဲ**

၃။ ၂၀၂၃ ခုနှစ်၊ မေလ ( ၁ ) ရက်နေ့မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

**လွှဲပြောင်းသည့်ငွေ သတ်မှတ်ချက်**

၄။ ဤလုပ်ထုံးလုပ်နည်းအရ စိစစ်ရာတွင် ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းသည့် ပမာဏ အမေရိကန်ဒေါ်လာ ၁၀,၀၀၀ (ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေ) အထက်ကျော်လွန်သည့် လွှဲပြောင်းမှုများ အကျုံးဝင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်ရန်**

၅။ ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနမှ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည် -

(က) ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းခြင်းသည် အတိုး၊ လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ ခိုင်ကြေး၊ မူပိုင်ခွင့်အတွက်ပေးချေငွေ၊ ဝန်ဆောင်ခပေးချေငွေများအတွက်ဖြစ်ပါက ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန် (Withholding Tax-WT) ဖြတ်တောက်နုတ်ယူပေးသွင်းထားပြီးဖြစ်ကြောင်း သို့မဟုတ် အခွန်ကျသင့်ခြင်း မရှိကြောင်း အထောက်အထားကို သက်ဆိုင်ရာ နိုင်ငံခြားငွေလွှဲပြောင်းမည့်သူအားထုတ်ပေးရန်၊

(ခ) ပြည်ပသို့ လွှဲပြောင်းသည့်ငွေအပေါ် အခွန်ဆိုင်ရာစိစစ်ရမည့် အချက်များနှင့်စပ်လျဉ်း၍ မရှင်းလင်းသည့် အချက်များအပေါ် နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD)လိုင်စင်ရဘဏ်များနှင့် ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းမည့်သူများက မေးမြန်းလာခြင်းကို တာဝန်ယူဖြေကြားပေးရန်။

**နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD)လိုင်စင်ရဘဏ်များက ဆောင်ရွက်ရန်**

၆။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD)လိုင်စင်ရဘဏ်များအနေဖြင့် ပြည်ပသို့ လွှဲပြောင်းပေးပို့ငွေနှင့်စပ်လျဉ်း၍ အခွန်ပေးဆောင်ထားခြင်း ရှိ မရှိ စိစစ်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) **အမြတ်ငွေလွှဲပြောင်းခြင်းနှင့် ကုန်ပစ္စည်းဖိုးပေးချေခြင်းဖြစ်ပါက** ယင်းပေးချေမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အခွန်ပေးဆောင်ပြီးကြောင်း သို့မဟုတ် အခွန်ကင်းရှင်းကြောင်း အထောက်အထားကိုစိစစ်ရန်ဖြစ်ပါသည်။ (အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးတွင် အခွန်စည်းကြပ်မှုခံယူသည့် အခွန်ထမ်းဖြစ်ပါက **ပုံစံ ပတခ(ဝင)-၈** ကိုလည်းကောင်း၊ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးတွင် အခွန်စည်းကြပ်မှုခံယူသည့် အခွန်ထမ်းဖြစ်ပါက ပုံစံ **SAS-1** ကို လည်းကောင်းစိစစ်ရန်) **(ပူးတွဲ-၁၊ ပူးတွဲ-၂)**

(ခ) အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပုံစံများဖြစ်သည့် ပုံစံ ပတခ(ဝင)-၈ သို့မဟုတ် ပုံစံ SAS-1 ကိုစိစစ်ရာတွင် အောက်ပါအချက်များကို အဓိကထား စိစစ်ရမည်ဖြစ်ပါသည် -

(၁) ပုံစံ ပတခ(ဝင) -၈ အား အထောက်အထားစိစစ်ခြင်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေလွှဲပြောင်းခြင်းအတွက် စိစစ်ခြင်းဖြစ်ပါက ပုံစံ ပတခ(ဝင)-၈ ၏ အပိုဒ် (၁) တွင် ၂၀၂၂-၂၀၂၃ စည်းကြပ်နှစ် သို့မဟုတ် ၂၀၂၁-၂၀၂၂ စည်းကြပ်နှစ် ဖြစ်ရမည်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေလွှဲပြောင်းခြင်းအတွက် စိစစ်ခြင်းဖြစ်ပါက ပတခ(ဝင)-၈ ၏ အပိုဒ်(၁)တွင် ၂၀၂၃-၂၀၂၄ စည်းကြပ်နှစ် သို့မဟုတ် ၂၀၂၂-၂၀၂၃ စည်းကြပ်နှစ် ဖြစ်ရမည် ဖြစ်ပါသည်။

(၂) ပုံစံ SAS-1 အား အထောက်အထားစိစစ်ခြင်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင် နိုင်ငံခြားငွေလွှဲပြောင်းခြင်းအတွက် စိစစ်ခြင်းဖြစ်ပါက SAS-1 တွင် ဖော်ပြသည့် ဝင်ငွေနှစ်/ဘဏ္ဍာနှစ်သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ဝင်ငွေနှစ်/ဘဏ္ဍာနှစ် သို့မဟုတ် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ ဝင်ငွေနှစ်/ဘဏ္ဍာနှစ် ဖြစ်ရမည်ဖြစ် ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေလွှဲပြောင်းခြင်းအတွက် စိစစ်ခြင်းဖြစ်ပါက SAS-1 တွင် ဖော်ပြသည့် ဝင်ငွေနှစ်/ ဘဏ္ဍာနှစ်သည် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ဝင်ငွေနှစ်/ ဘဏ္ဍာနှစ် သို့မဟုတ် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ဝင်ငွေနှစ်/ ဘဏ္ဍာနှစ်ဖြစ်ရမည် ဖြစ်ပါသည်။

(၃) ပုံစံ ပတခ(ဝင)-၈ သို့မဟုတ် SAS-1 ပုံစံတို့တွင် ဖော်ပြပါရှိသည့် အခွန်ထမ်း အမည် သို့မဟုတ် ကုမ္ပဏီအမည်၊ Taxpayer Identification Number (TIN) နံပါတ်များနှင့် နိုင်ငံခြားငွေလွှဲပြောင်းပေးပို့ရာတွင် အသုံးပြုဖော်ပြ သော အခွန်ထမ်းအမည် သို့မဟုတ် ကုမ္ပဏီအမည်၊ TIN နံပါတ်တို့သည် တူညီရမည်ဖြစ်၍ လွှဲပြောင်းပေးပို့ခြင်းအား လက်ခံစိစစ်ဆောင်ရွက်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများက ကိုက်ညီမှုရှိ မရှိကို စစ်ဆေး ပေးရမည်ဖြစ်ပါသည်။

(၄) အမြတ်ငွေလွှဲပြောင်းခြင်းနှင့် ကုန်ပစ္စည်းဖိုးပေးချေခြင်းကို ဘဏ္ဍာနှစ် တစ်နှစ် အတွင်း တစ်ကြိမ်အထက် ဆောင်ရွက်ခြင်းဖြစ်ပါက ပုံစံ ပတခ(ဝင)-၈

သို့မဟုတ် SAS-1 ပုံစံတို့ကို လွှဲပြောင်းသည့်အကြိမ်တိုင်းတွင် တောင်းခံရန် မလိုအပ်ဘဲ အဆိုပါဘဏ္ဍာနှစ်အတွင်း ပထမအကြိမ် ငွေလွှဲပြောင်းစဉ်က တင်ပြထားသည့် ပုံစံ ပတခ(ဝင)-၈ သို့မဟုတ် SAS-1 ပုံစံတို့ကိုသာ အထောက်အထားအဖြစ် လက်ခံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) **လစာဝင်ငွေအားလွှဲပြောင်းခြင်းဖြစ်ပါက** လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်း ဆိုင်ရာ အထောက်အထားလက်မှတ်ပုံစံ **ပတခ(ဝင)-၁၅(က)** ကို စိစစ်ရမည်ဖြစ် ပါသည်။ ယင်းပုံစံကိုစိစစ်မည်ဆိုပါက လစာဝင်ငွေခွန်နုတ်ယူခြင်းခံရသူနှင့် နိုင်ငံခြား ငွေလွှဲပြောင်းသူမှာ တူညီရမည်ဖြစ်ပါသည်။ နိုင်ငံခြားသို့ ငွေလွှဲပြောင်းခြင်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေလွှဲပြောင်းခြင်းဖြစ်ပါက စိစစ်ရမည့်ပုံစံ ပတခ(ဝင)-၁၅(က)ပါ ဘဏ္ဍာနှစ်သည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ဖြစ်ရမည်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေလွှဲပြောင်းခြင်းဖြစ်ပါက စိစစ်ရမည့် ပုံစံ ပတခ (ဝင)-၁၅(က)ပါ ဘဏ္ဍာနှစ်သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဖြစ်ရမည်ဖြစ်ပါသည်။ **(ပူးတွဲ-၃)**

(ဃ) **အတိုး၊ လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ ခိုင်ကြေး၊ မူပိုင်ခွင့်အတွက်ပေးချေငွေ၊ ဝန်ဆောင်ခပေးချေငွေဖြစ်ပါက** ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန် (With-holding Tax-WT) ဖြတ်တောက်နုတ်ယူပေးသွင်းထားပြီးဖြစ်ကြောင်း သို့မဟုတ် အခွန်ကျသင့်ခြင်းမရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ သက်ဆိုင်ရာအခွန်ရုံး များမှ ထုတ်ပေးထားသည့် အထောက်အထားဖြင့် စိစစ်ရန်ဖြစ်ပါသည်။

(င) ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းဆောင်ရွက်သူသည် အခွန်ဆိုင်ရာစည်းကြပ်မှုများ မပြုလုပ်ရသေးသည့် **အခွန်ထမ်းအသစ်ဖြစ်မည်ဆိုပါက** အခွန်ထမ်းများအတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးသည့် အခွန်ထမ်းမှတ်ပုံတင်လက်မှတ် Taxpayer Identification Number (TIN) ပုံစံ ပတခ(ဝင)-၀၁-၀၂ ကို စစ်ဆေး ရန်ဖြစ်ပါသည်။ အခွန်ထမ်းအသစ်ဆိုသည်မှာ ပြည်ပသို့ နိုင်ငံခြားငွေ လွှဲပြောင်းသည့် ဘဏ္ဍာနှစ် သို့မဟုတ် ယင်းဘဏ္ဍာနှစ်မတိုင်မီ ယခင်ဘဏ္ဍာနှစ်တွင် ဖွဲ့စည်း တည်ထောင်သည့် ကုမ္ပဏီကို ဆိုလိုပါသည်။ (ဥပမာ- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းခြင်းဖြစ်ပါက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် သို့မဟုတ် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဖွဲ့စည်းတည်ထောင်သည့် ကုမ္ပဏီဖြစ်ပါသည်။) **(ပူးတွဲ-၄)**

(စ) အထက်ဖော်ပြပါပုံစံများစိစစ်ရာတွင် ပုံစံများ အတုအပပြုလုပ်ဆောင်ရွက်ခြင်းကို ကာကွယ်နိုင်ရန် ရုံးတံဆိပ်၊ တာဝန်ခံအရာရှိ၏ လက်မှတ်များပါရှိခြင်း၊ မရှိခြင်းနှင့် မူရင်းပုံစံများဟုတ်/မဟုတ်စသည့် အချက်များကို မူရင်းနှင့်တိုက်ဆိုင်စစ်ဆေး၍ မိတ္တူကို အမှုတွဲတွင် လက်ခံအဖြစ် သိမ်းဆည်းထားရမည်ဖြစ်ပါသည်။

**ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းမည့်သူကဆောင်ရွက်ရန်**

၇။ ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းမည့်သူအနေဖြင့် လွှဲပြောင်းမည့်ကိစ္စရပ်အလိုက် အောက်ဖော်ပြပါ အထောက်အထားများကို နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များသို့ တင်ပြဆောင်ရွက်ရမည် -

(က) အမြတ်ငွေလွှဲပြောင်းခြင်းနှင့် ကုန်ပစ္စည်းဖိုးပေးချေခြင်းဖြစ်ပါက ပုံစံ ပတခ(ဝင)-၈ သို့မဟုတ် ပုံစံ SAS-1 ကို တင်ပြရန်၊ (၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေလွှဲပြောင်းခြင်းအတွက် တင်ပြရမည့်ပုံစံများမှာ ၂၀၂၂-၂၀၂၃ စည်းကြပ်နှစ် သို့မဟုတ် ၂၀၂၁-၂၀၂၂ စည်းကြပ်နှစ်အတွက်ပုံစံများဖြစ်ပါသည်။ ဘဏ္ဍာနှစ် တစ်နှစ်အတွင်း တစ်ကြိမ်အထက် လွှဲပြောင်းခြင်းဖြစ်ပါက ပုံစံ ပတခ(ဝင)-၈ နှင့် SAS-1 ပုံစံတို့ကို လွှဲပြောင်းသည့် အကြိမ်တိုင်းတွင် တင်ပြရန် လိုအပ်မည်မဟုတ်ဘဲ အဆိုပါဘဏ္ဍာနှစ်အတွင်း ပထမဆုံးလွှဲပြောင်းသည့် အကြိမ်တွင်သာတင်ပြရန် လိုအပ်ပါသည်။)

(ခ) လစာဝင်ငွေလွှဲပြောင်းခြင်းဖြစ်ပါက ပုံစံ ပတခ(ဝင)-၁၅(က) ကို တင်ပြရန်၊ (၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လစာဝင်ငွေလွှဲပြောင်းခြင်းဖြစ်ပါက တင်ပြရမည့်ပုံစံမှာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် ပတခ(ဝင)-၁၅(က) ပုံစံ ဖြစ်ပါသည်။)

(ဂ) အတိုး၊ လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ ခိုင်ကြေး၊ မူပိုင်ခွင့်အတွက်ပေးချေငွေ၊ ဝန်ဆောင်ခပေးချေငွေဖြစ်ပါက ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန် (With-holding Tax-WT) ဖြတ်တောက်နုတ်ယူပေးသွင်းထားပြီးဖြစ်ကြောင်း သို့မဟုတ် အခွန်ကျသင့်ခြင်းမရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ သက်ဆိုင်ရာအခွန်ရုံးများသို့ လျှောက်ထားပြီး ဆိုင်ရာရုံးမှ ထုတ်ပေးထားသည့် အထောက်အထားကို တင်ပြရန်၊ (အတိုး၊ လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ ခိုင်ကြေး၊ မူပိုင်ခွင့်အတွက် ပေးချေငွေ၊ ဝန်ဆောင်ခပေးချေငွေများ လက်ခံရရှိမည့်သူသည် မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေးသဘောတူစာချုပ် (Avoidance of Double Taxation Agreement-ADTA) ချုပ်ဆိုထားသော နိုင်ငံများမှဖြစ်ပါက အဆိုပါ

နိုင်ငံရှိ အခွန်ဌာနက သက်ဆိုင်ရာနှစ်အတွက် ထုတ်ပေးသည့် Certificate of Residence (COR) ပူးတွဲလျှောက်ထားတင်ပြရန်)

(ဃ) ပြည်ပသို့ နိုင်ငံခြားငွေ လွှဲပြောင်းဆောင်ရွက်သူသည် အခွန်ဆိုင်ရာစည်းကြပ်မှုများ မပြုလုပ်ရသေးသည့် အထက်အပိုဒ် (၆)၊ အပိုဒ်ခွဲ (င) ပါ အခွန်ထမ်းအသစ် ဖြစ်မည်ဆိုပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးထားသည့် အခွန်ထမ်း မှတ်ပုံတင်လက်မှတ် Taxpayer Identification Number (TIN) ပုံစံ ပတခ(ဝင)-၀၁-၀၂ ကို တင်ပြရန်။

**အထွေထွေ**

၈။ ပြည်ပသို့ လွှဲပြောင်းသည့်ငွေနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာကိစ္စရပ်များစိစစ်ရာတွင် နှောင့်နှေး ကြန့်ကြာမှုမရှိစေရန် တာဝန်ရှိဌာနနှင့်အဖွဲ့အစည်းများမှ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက် သွားရမည်ဖြစ်ပါသည်။

၉။ ပြည်ပသို့ လွှဲပြောင်းသည့်ငွေအပေါ် အခွန်ဆိုင်ရာစိစစ်ရမည့် အချက်များနှင့် စပ်လျဉ်း၍ မေးမြန်းလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းဆိုင်ရာ ဝန်ဆောင်မှုဌာနခွဲ၊ ရန်ကုန် (ဖုန်း ၀၁-၈-၃၈၉၃၁၁)နှင့် ပြန်ကြားရေးအဖွဲ့၊ နေပြည်တော်(ဖုန်း ၀၆၇-၃၄၃၀၅၂၂) သို့ ဆက်သွယ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**